သတင်းရင်းမြစ် > သီဟကိုကို
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၄၈ မိနစ်

Standard Chartered ဘဏ်က မြန်မာအမျိုးသမီးငယ်များအား ပံပိုးမည့်အစီအစဉ်များကို ၂၀၁၄ ဇွန်လတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဘဏ်၏ မြန်မာပြည်ဌာနေကိုယ်စားလှယ် အရာရှိချုပ် Tina Singh sacha က ပြောသည်။

Standard Chartered ဘဏ်က မြန်မာနိုင်ငံရှိ အသက် ၁၂ နှစ်မှ ၂၀ ကြား အမျိုးသမီးများအတွက် ငွေကြေးအသုံးချမှု ဆိုင်ရာ ပညာပေးရန်နှင့် လိုအပ်မည့် စွမ်းရည်များကို ပျိုးထောင်ပေးမည့် Goal လှုပ်ရှားမှုကို အောက်တိုဘာလ ၂၄ တွင် စတင်ခဲ့ကြောင်း ယင်းဘဏ်က ထုတ်ပြန်ခဲ့သည်။

Goal အစီအစဉ်များကို ၂၀၁၄ ခုနှစ် ဇွန်တွင် မြန်မာ့အမျိုးသမီး ၅၀၀ ဦးဖြင့်စတင် ဆောင်ရွက်သွားမည်ဟု ဆိုသည်။

Standard Chartered မြန်မာပြည်ဌာနေကိုယ်စားလှယ် အရာရှိချုပ် Tina Singhsacha က"မြန်မာနိုင်ငံမှာ ရေရှည် တည်တံ့မဲ့ စီးပွားရေးဖြစ်ထွန်းအောင် Standard Chartered□က ထောက်ပံကူညီသွားမှာပါ၊ အမျိုးသမီးလေးတွေ အရွယ်ရောက်လာတဲ့အလျောက် ပိုပြီးအကျိုးဖြစ်ထွန်းမဲ့ရွေးချယ်မှုလုပ်နိုင်ဖို့ ဒီအစီအစဉ်ကနေ အထောက်အပံ့နဲ့ ဗဟုသုတတွေကို ပံပိုးပြင်ဆင်ပေးမယ်"ဟု ပြောသည်။

အဆိုပါ Goal အစီအစဉ်သည် နိုင်ငံ၏လူမှုဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများ၊ ကျွမ်းကျင်မှုအတတ်ပညာ နှင့် စီးပွားရေး အခွင့်အလမ်းများနှင့် ပက်သက်၍ အဓိကဆောင်ရွက်သွားမည်ဟု ယင်းက ပြောသည်။

Standard Chartered သည် Goal□လှုပ်ရှားမှုကို Woman Win အဖွဲ့၊ ဒေသခံ Girl Determinded အဖွဲ့ တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

Women Win အဖွဲ့၏ ညွှန်ကြားရေးမှူး Maria Bobenriet က "၂၀၁၄ခုနှစ် ပထမသုံးလပတ်တွင် သင်တန်းနည်းပြ များအား လေ့ကျင့်ရေး အစီအစဉ်စတင်မည်ဖြစ်ပြီး ဒုတိယသုံးလ၏ လပတ်နှောင်းပိုင်းတွင် လုပ်ငန်းများစတင်သွားမည် "ဟု ပြောသည်။

အဆိုပါပံ့ပိုးမည် အစီအစဉ်များကို မြန်မာနိုင်ငံတွင်းရှိ မည့်သည့်ဒေသတွင် စတင်မည်ကို လေ့လာဆွေးနွေးဆဲဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

၂၀၀၆ တွင် စတင်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ Goal အစီအစဉ်အရ ၂၀၁၈ ခုနှစ်အကုန်တွင် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသရှိ ဝင်ငွေနည်းမိသားစုများမှ အမျိုးသမီးငယ် ငါးသိန်းအား ပံ့ပိုးနိုင်မည်ဟု ရည်မှန်းထားကြောင်း Standard Chartered မြန်မာပြည်ဌာနေကိုယ်စားလှယ်အရာရှိချုပ်Tina Singhsacha က ပြောသည်။

အဆိုပါပံပိုးမည့် အစီအစဉ်များကို ၂၀၁၄ ခုနှစ် ဒြောက်လတာအတွင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပစီစဉ်သွားမည်
ဖြစ်ပြီး Standard Chartered နှင့် Clinton Global Initiative အဖွဲ့မှ ရန်ပုံငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

Standard Chartered Bank သည် မြန်မာနိုင်ငံတွင် ၁၈၆၂ ခုနှစ်ကာလတွင် အခြေစိုက် ဖွင့်လှစ်ခဲ့ပြီး ဆိုရှယ်လစ်
ခေတ်တွင် ပြည်သူပိုင်သိမ်းလိုက်မှုကြောင့် ထွက်ခွာသွားခဲ့သည်။

နိုင်ငံတကာ စီးပွားရေးပိတ်ဆို့မှုအား ဖယ်ရှားပြီးနောက် ယခုနှစ်အစောပိုင်းမှ စတင်၍ Standard Chartered Bank သည် ရန်ကုန်တွင် ကိုယ်စားလှယ်ရုံးခွဲ ပြန်လည်ဖွင့်လှစ်သည့်ခဲ့ပြီး ပထမဆုံးသော အနောက်နိုင်ငံမှ

နိုင်ငံတကာ အဆင့်ရှိဘဏ်လုပ်ငန်းတစ်ခု ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post by Mizzima - News in Burmese.